# အင်္ဂလိပ်စာ သင်ယူလေ့လာရန်လိုအပ်သောကျောင်းသူကျောင်းသား အသစ်များ၏ မိဘများအတွက်အချက်လက်များ

## အင်္ဂလိပ်ဘာသာ ကျောင်းများ နှင့် စင်တာများ

ပညာရေးနှင့်လေ့ကျင့်သင်ကြားရေးဌာန Department of Education and Training သည် ဗစ်တိုရီးယားအစိုးရကျောင်းများတွင် မကြာသေးမီကအပ်နှံထားပြီး အင်္ဂလိပ်စာသင်ယူလေ့လာရန် လိုအပ်နေသော ကျောင်းသူကျောင်းသားများအတွက် အင်္ဂလိပ်ဘာသာသင်တန်းများ ပို့ချပေးပါသည်။ ကျောင်းနေအရွယ် ကျောင်းသူကျောင်းသားများသည် အသစ်ရောက်လာသောကျောင်းသူကျောင်း သားများအတွက် အင်္ဂလိပ်ဘာသာကျောင်းများ(သို့) စင်တာများမှ စီစဉ်သော ပညာရေးအစီအစဉ်များတွင် အပ်နှံနိုင် သည်။

ယင်းအစီစဉ်များရည်ရွယ်ချက်မှာ ကျောင်းသူကျောင်းသားများအား မူလတန်းကျောင်းများ(သို့) အလယ်တန်းကျောင်း များတွင် ၎င်းတို့ သင်ယူလေ့လာရန်အတွက် လိုအပ်သော ဘာသာစကားဆိုင်ရာ လိုအပ်ချက်များကို သင်ကြားပေးရန် ဖြစ်သည်။

အင်္ဂလိပ်ဘာသာစာသင်ကျောင်းများနှင့် စင်တာများမှာ မဲလ်ဘုန်းမြို့အတွင်းတွင် ရှိပါသည်။ ၎င်းတို့တွင် ကျောင်းသား များအတွက် အချိန်ပြည့်သင်တန်းများ ရှိပါသည်။ မူလတန်းများနှင့် အလယ်တန်း၊ ဆယ်တန်းအထိ ကျောင်းသား ကျောင်းသူများအတွက်ပါ၎င်းတို့ သည် သင်တန်းများပေးပါသည်။

အင်္ဂလိပ်ဘာသာကျောင်းများသည် အစောပိုင်းမူလတန်း မှ ၁၀တန်း ကျောင်းသူကျောင်းသားများအထိ သင်ကြားပေးပါသည်။ အင်္ဂလိပ်ဘာသာစင်တာများသည် မဲလ်ဘုန်းမြို့ရှိ ပင်မအလယ်တန်းကျောင်းများတွင် ရှိပါသည်။ အင်္ဂလိပ်ဘာသာစင်တာများသည် ၇ တန်းမှ ၁၀ တန်းရှိ အလယ်တန်းကျောင်းသားကျောင်းသူများကိုလည်း သင်ကြားပေးပါသည်။

အင်္ဂလိပ်ဘာသာကျောင်းများနှင့် စင်တာများသည် -

•အင်္ဂလိပ်ဘာသာသင်ကြားရေးအထူးပြုဆရာ/မများ ထားရှိသည်

• ကျောင်းသားကျောင်းသူ ၁၃ ယောက်စာ စာသင်ခန်းငယ်များ ထားရှိသည်

• ဌာနမှလမ်းညွှန်ချက်များအရ သတ်မှတ်ချက်ပြည့်မီမှုရှိသောကျောင်းသူကျောင်းသားများကို ရထား၊ဘတ်စ်ကားအခမဲ့စီးရန် ကတ်ပြားများ ထောက်ပံ့ပေးသည်။

တစ်ခါတစ်ရံ အင်္ဂလိပ်စာကျောင်း(သို့)စင်တာသို့ ခရီးသွားလာမှုမပြုနိုင်သော မူလတန်းအရွယ်ကျောင်းသူကျောင်းသားများသည် အထူးအင်္ဂလိပ်စာသင်တန်းများကို နေထိုင်ရာဒေသတွင်း မူလတန်းကျောင်းမှာပင် တစ်ပတ်လျှင် လေးရက်အထိ တက်ရောက်နိုင်ပါသည်။ ကျောင်းသားကျောင်းသူများသည် အထူးအင်္ဂလိပ်စာ သင်တန်းများ တက်ရောက်နေမှုမရှိပါက မိမိကိုယ်ပိုင်ကျောင်းမှ ပညာရေးအစီစဉ်တွင် ပါဝင်တက်ရောက်နိုင်သည်။

ဂျီးလွန်၊ရှက်ပါတန်နှင့် မေလ်ဒူရာတွင်လည်း ကျောင်းသားကျောင်းသူအသစ်များအတွက် သင်ကြားရေးအစီစဉ်များရှိပါသည်။

## မည်သူက သင်ကြားရေးအစီစဉ်တွင် တက်ရောက်နိုင်ပါသနည်း။

• အင်္ဂလိပ်သင်ကြားမှုနှင့်စိမ်းနေသောကျောင်းသားကျောင်းသူများ အားလုံး၊ ဩစတြေးလျတွင်လွန်ခဲ့သော ၆ လမှရောက်ရှိလာသူ၊ တရားဝင်အမြဲနေထိုင်နိုင်သူများ (အသက်၁၈လ ထက်ငယ်သော အစောပိုင်းမူလတန်းကျောင်းနေအရွယ်ကျောင်းသားကျောင်းသူများ)

• အင်္ဂလိပ်သင်ကြားမှုနှင့်စိမ်းနေသောကျောင်းသားကျောင်းသူများအချို့ ၊ ဩစတြေးလျတွင်လွန်ခဲ့သော ၆ လမှရောက်ရှိလာသူ၊ ယာယီနေထိုင်နိုင်သူများ (အသက် ၁၈လ ထက်ငယ်သော အစောပိုင်းမူလတန်းကျောင်းနေအရွယ်ကျောင်းသားကျောင်းသူများ)

အင်္ဂလိပ်စာသက်ယူလေ့လာရန်လိုအပ်သော ကျောင်းသူကျောင်းသားအသစ်များသည်လည်း ယင်းသတ်မှတ်ချက်ပြင်ပတွင်ရှိနေသော်လည်း အခွင့်ရှိကောင်းရှိနိုင်မည်။ သင့်ဒေသတွင်း အင်္ဂလိပ်ဘာသာကျောင်း(သို့)စင်တာသို့ဆက်သွယ် ပြီး သင့်ကလေးသည် အသစ်ရောက်ရှိလာသောသူများအတွက် သင်တန်းအား တက်ရောက်ရန် သတ်မှတ်ချက်နှင့်ပြည့်မီမှုရှိမရှိ စုံစမ်းပါ။

မှတ်ချက် - ဗစ်တိုးရီးယား အစိုးရကျောင်းတွင်အပ်နှံရန် သင့်ကလေးသည် ကျောင်းစဖွင့်မည့်နှစ်၏ ဧပြီလတွင် အသက် ၅ နှစ် ရှိရမည်ဖြစ်သည်။ အသက် ၆ နှစ်မှ ၁၃ နှစ်ကြား ကလေးများသည် ကျောင်းလုံးဝတက်ရမည် (သို့) ခွင့်ပြုချက်ရထားရယူထားရမည်၊ အခြားသင်ကြားရေးအစီစဉ်အား တက်ရောက်ရမည်။ ကျောင်းသားကျောင်းသူများသည် အလယ်တန်းကျောင်းသို့မပြောင်းခင် မူလတန်းကျောင်းတွင် ၇ နှစ် (မူလတန်းအကြိုတစ်နှစ်နှင့် မူလတန်း၆နှစ်)စာသင်ရမည်။

## အသစ်ရောက်လာသောကျောင်းသူကျောင်းသားများအတွက် သင်ကြားရေးအစီစဉ်များတွင် မည်သို့ စာရင်းသွင်းအပ်နှံနိုင်ပါ သနည်း။

ကျောင်းသားကျောင်းသူများသည် အင်္ဂလိပ်ဘာသာကျောင်း(သို့) စင်တာများတွင် တိုက်ရိုက်စာရင်းသွင်းအပ်နှံနိုင်သည် (သို့) အခြားအစိုးရကျောင်းမှ လွှဲပြောင်းပေးနိုင်သည်။

## ဤအစီစဉ်မှာ မည်မျှကြာမည်နည်း။

ဤစီစဉ်မှာပုံမှန်အားဖြင့် ၆ လမျှ ကြာမည်ဖြစ်သည်(ကျောင်းစာသင်ကာလ နှစ်ခု)။ အချိန်ပိုလိုအပ်သောကျောင်းသူကျောင်းသားများသည် ၁၂ လထိ တက်ရောက်နိုင်သည် (ကျောင်းစာသင်ကာလ လေး ခုစာ)

**မည်သည့်သင်ရိုးအား သင်ကြားပါသနည်း။**

အင်္ဂလိပ်ဘာသာကျောင်းများနှင့်စင်တာများတွင်သင်ကြားနေသော သင်ရိုးများသည် ကျောင်းသားကျောင်းသူများ မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် စာသင်ယူနိုင်ရန်အတွက် ပြင်ဆင်ပေးရန် ရည်ရွယ်ပါသည်။ ကျောင်းသားများအား -

- သင်္ချာနှင့် သိပ္ပံကဲ့သို့သော ကဏ္ဍများမှတဆင့် အင်္ဂလိပ်စာအား သင်ကြားပေးမည်ဖြစ်ပြီး သင်ရိုးအား ပုံမှန်ကျောင်းများတွင် သင်ကြားနေသော သင်ရိုးအပေါ်တွင်သာ အခြေပြုထားသည်

- လူမှုရပ်ရွာအတွင်း အသုံးချရန် လိုအပ်သော အင်္ဂလိပ်စာကို သင်ကြားပေးသည်

- ၄င်းတို့ရောက်ရှိလာသော နိုင်ငံအသစ်တွင် နေသား ကျလာစေရန်နှင့် ကျောင်းစနစ်အသစ်အား ရင်းနှီးလာစေရန် ကူညီပေးသည်။

- စာသင်ယူမှု အဆက်ပြတ်ထားပါက (သို့) စာအရေးအဖတ်တတ်ဖို့ သင်ယူရန်လိုအပ်ပါက အထူး အထောက်အပံ့များ ပေးသည်။

ကျောင်းသားများအား ၄င်းတို့၏အသက်အရွယ်နှင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုအပေါ်မူတည်ပြီး အတန်းနေရာချထားပေးမည်။

၄င်းတို့တက်ရောက်နေသော အင်္ဂလိပ်ဘာသာကျောင်း(သို့)စင်တာမှ သင်တန်းအစီစဉ်ပြီးသည့်အခါ ကျောင်းသားကျောင်းသူများအား ပုံမှန်ကျောင်းတစ်ခုအားရွေးချယ်ပြီး ကျောင်းသစ်သို့ပြောင်းတက်နိုင် စေရန် ကူညီပေးပါမည်။

**ကျောင်းသားများကျန်းမာသန်စွမ်းရေး**

အင်္ဂလိပ်ဘာသာကျောင်းများနှင့်စင်တာများသည် ဆေးကုသရေး ဆိုင်ရာနှင့် သွားကျန်းမာရေးဝန်ဆောင်မှုများကဲ့သို့ အထောက်အကူပြုသောဝန်ဆောင်မှုများစွာကို ရရှိနိုင်ရန်လည်း အထောက်အကူပြုပေးပါသည်။

**မိသားစုများအား အထောက်အကူပြုခြင်း**

ဗစ်တိုးရီးယားပြည်နယ်ရှိ ကျောင်းစနစ်ဆိုင်ရာ အချက်လက်ကဏ္ဍများကို လည်း အင်္ဂလိပ်ဘာသာကျောင်းများနှင့်စင်တာများတွင် သိရှိနိုင်ပါသည်။ မိဘများသည် ၄င်းတို့သားသမီးများ၏သင်ယူမှုတိုးတက်လာခြင်း အကြောင်းကို စကားပြန်အကူအညီနှင့်အတူ ဆရာများနှင့် ဆွေးနွေးခွင့်ရရှိနိုင်မည်ဖြစ်သည်။ မိဘများတွင် မေးခွန်းများ သို့မဟုတ် ပြဿနာများရှိပါက မည်သည့် အချိန်တွင်မဆို ကလေးတက်ရောက်နေရာကျောင်းသို့ ဆက်သွယ်နိုင်ပါသည်။

အသစ်ရောက်ရှိလာသောကျောင်းသားကျောင်းသူများအတွက် အင်္ဂလိပ်ဘာသာသင်တန်းများနှင့်ပတ်သက်ပြီး နောက်ထပ်သိ လိုသည်များရှိပါကသင်နှင့် နီးစပ်ရာ အင်္ဂလိပ်ဘာသာ ကျောင်း(သို့) စင်တာ(သို့) အသစ်ရောက်လာသောကျောင်းသူကျောင်းသားများ အတွက် သင်တန်းအား စုံစမ်းနိုင်ပါသည်-

| | တယ်လီဖုန်းနံပါတ် | လိပ်စာ | မူလတန်း(P) အလယ်တန်း (S) |
|---|---|---|---|
| Blackburn English Language School | (03) 9803 4022 | 120 Eley Road, Burwood East 3151 | P,S |
| Collingwood English Language School | (03) 9419 7633 | 19 Cambridge Street, Collingwood 3066 | P,S |
| Noble Park English Language School | (03) 9546 9578 | 21–35 Thomas Street, Noble Park 3174 | P,S |
| Western English Language School | (03) 9311 9325 | 46 South Road, Braybrook 3019 | P,S |
| Hume Central English Language Centre | (03) 9302 6011 | 64–70 Blair Street, Broadmeadows | S |
| Brunswick English Language Centre | (03) 9383 6133 | 47 Dawson Street, Brunswick 3056 | S |
| Glen Eira English Language | (03) 9572 5877 | 76 Booran Road, Caulfield 3162 | S |
| Westall English Language Centre | (03) 9546 1732 | 88–128 Rosebank Avenue, Clayton South 3169 | S |
| Geelong English Language Program | (03) 5278 3548 | | P,S |
| Shepparton New Arrivals Programs | (03) 5822 2266 | | P,S |
| Mildura English Language Program | (03) 5051 1333 | | P,S |